# ဒုက္ခနွံ့

## A Fift from Darkness

**ဖတ်ညွှန်း ▶**

‘ဒုက္ခနွံ့’ ဟု နာမည်ပေးထားသည့် ‘***A Gift from Darkness***’ စာအုပ်သည် ဂျာမန်အမျိုးသမီး ဂျာနယ်လစ် အန်ဒရီယာ ဟော့ဖ်မန်း၏ နာမည်ကျော် ဖြစ်ရပ်မှန်စာအုပ်တစ်အုပ်။ ဤစာအုပ်တွင် အသက်ငယ်ငယ်ရွယ်ရွယ်၊ ကိုယ်ဝန်ဆောင် နိုင်ဂျီးရီးယားမိန်းကလေးတစ်ယောက် အကြမ်းဖက် ဘိုကိုဟာရမ်အဖွဲ့၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရစဉ် ကြုံတွေ့ခဲ့ရသည့် ခါးသီးစရာ၊ တုန်လှုပ်စရာ၊ ကြောက်လန့်စရာ၊ ရင်နင့်စရာ၊ မယုံနိုင်စရာ ဘဝနေ့ရက်များကို စ လယ် ဆုံး ရင်တမမနင့် ဖတ်ရှုကြရမည် ဖြစ်သည်။ ပေးရှန့်စ်၏ယောကျ်ား သတ်ဖြတ်ခံလိုက်ရချိန်တွင် သူ့ဘဝလည်း အနာဂတ် မဲ့သွားတော့မည်ကို စိုးရိမ်ခဲ့သည်။ ကလေးတစ်ယောက်ယူပြီး ပြီးပြည့်စုံသည့် မိသားစုအသိုက်အမြုံ တစ်ခု တည်ဆောက်ခွင့်ရရှိရန် ညစဉ်ညတိုင်း သူ ဆုတောင်းခဲ့သည်။ သို့သော် လုံးဝမျှော်လင့်မထားသည့် လောကဓံမုန်တိုင်းတစ်ခုကြောင့် အသက် ၁၉ နှစ် အရွယ်မှာပင် မုဆိုးမဘဝ ရောက်သွားပြီး လောကအလယ်တွင် တစ်ကိုယ်တည်း အထီးကျန်ခဲ့ရရှာသည်။ အထီးကျန်နေ့ရက်များကို ဖြတ်သန်းနေရင်းအချစ်သစ်နှင့်ထပ်ဆုံခဲ့ပြန်ရာသူ့အတွက်ပျော်ရွှင်စရာအနာဂတ်တစ်ခုရောက်လာတော့မည်ဟု ထင်မှတ်ခဲ့သည်။ သို့ဖြင့် နောက်အိမ်ထောင်ပြုလိုက်သည်။ ကိုယ်ဝန်ရှိနေပြီမှန်း သိလိုက်ရသောအခါ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ခဲ့သည်။ သို့ရာတွင် သူ့ပျော်ရွှင်မှုက ရက်ပိုင်းမျှသာ တည်တံ့ခဲ့သည်။ ဘိုကိုဟာရမ်စစ်သွေးကြွများ ရောက်လာပြီး သူ၏ ပူပူနွေးနွေးယောကျ်ားကို ရက်ရက်စက်စက် သတ်ဖြတ်ကာ သူကိုယ်တိုင်လည်း ထိုအကြမ်းဖက်အဖွဲ့၏ လက်ခုပ်တွင်းထဲ ရောက်ရှိသွားရှာသည်။ အကြမ်းဖက်သမားများက သူနှင့် ဘဝတူ မိန်းမသားများအပေါ် ဘယ်လိုဘယ်ပုံ နှိပ်စက်စီးနင်း ပြုကျင့်ခဲ့ကြသလဲ၊ ထိုအကြမ်းဖက်သမားများမှာ ဘယ်လောက်ထိ ယုတ်မာရက်စက်ကြမ်းကြုတ်ကြသလဲ၊ သူတို့၏ လက်ခုပ်တွင်းထဲမှ ပေးရှန့်စ်တို့ သားအမိ ဘယ်လိုနည်းဖြင့် ထွက်ပြေးလွတ်မြောက်လာနိုင်ခဲ့သလဲ အစရှိသည့် စိတ်ဝင်စားဖွယ် ဖြစ်ရပ်များက စာဖတ်သူ၏ အာရုံကို မလွတ်တမ်း ဖမ်းစားထားနိုင်မည် ဖြစ်ပါကြောင်း …